ပေၚ်ကောံရိုညီသာကောန်ဂကူမန်
Mon National League for Solidarity
P.O.Box 4552, Akron, OH 44310, U.S.A. Phone: (330) 254-4442, mnls@usa.com

# ၆၃ နှစ် မြောက် မွန်အမျိုးသားနေ့အထိမ်းအမှတ်

## မွန်အမျိုးသားသွေးစည်းညီညွတ်ရေးအဖွဲ့ချုပ်၏သဘောထားထုတ်ပြန် ကြေညာချက်

မွန်အမျိုးသားနေ့ဟုမွန်အမျိုးသားခေါင်းဆောင်များသတ်မှတ်ခဲ့ကြခြင်းမှာ သာသနာသက္ကရာဇ် ၁၁၁၆ ခုနှစ် တပို့တွဲလပြည့်ကျော် ၁ ရက်၊ တနင်္လာနေ့ နံနက် အချိန်တွင် မွန်မင်းညီနောင်နှစ်ပါးဖြစ်သော သမလကုမ္မာနှင့်ဝိမလကုမ္မာ မှ ဟံသာဝတီမွန်မင်းနိုင်ငံတော် တည်ထောင်ခဲ့ခြင်းအားအစွဲပြု၍၄င်း၊ ဂုဏ်ရှိန်ကျက်သရေထွန်းလင်းခဲ့သည့် ကျွန်ုပ်တို့၏ဘိုးဘွားပိုင် မွန်မြေနှင့် မွန်ဘုရင်အဆက်ဆက်၏ထီးနန်းအမွေအနှစ်များအား မွန်အမျိုးသားတဦးစီ၏ နှလုံးသွေး၌ အလေးအမြတ်တန်ဘိုးထားစွဲမှတ်ထားစေနိုင်ရန်ရည်ရွယ်ခဲ့ခြင်း ဖြစ်ပါသည်။

မွန်ဘုရင်မင်းမြတ်တို့၏ဘုန်းတန်ခိုးတေဇော် ဖြင့်တည် ခဲ့သောရွှေထီးရွှေနန်း နှင့် ဗုဒ္ဓသာသနာထွန်းလင်းပြောင်ခဲ့သော မွန်မင်းနိုင်ငံတော်အားမွန်တို့၏နှလုံးသည်းပွတ်၌ယှက်ခဲ့သို့ မွန်အမျိုးသားနေ့အချိန်အခါသို့ရောက်ရှိလာချိန်တိုင်း ရည်မျှော်တမ်းတ၍ မွန်နိုင်ငံသားများမှ ဂုဏ်ယူဝင့်ကြွားစွာမွန်အမျိုးသားနေ့အားကျင်းခဲ့ကြ သည်မှာ ယနေ့ ခရစ်သက္ကရာဇ် ၂၀၁၀ ခုနှစ်၊ ဇန်နဝါရီ ၃၀ ရက် တွင် ၆၃နှစ်မြောက် ပြည့်မြောက်ခဲ့ပြီဖြစ်ပါသည်။

ကျွန်ုပ်တို့မွန်တမျိုးသားလုံးအားမြန်မာစစ်ကိုလိုနီအောင်ဖေယျလက်ထက် ခရစ်သက္ကရာဇ် ၁၇၅၇ ခုနှစ်မှယနေ့မျက်မှောက်မြန်မာစစ်နယ်ချဲ့ နအဖ ကာလအထိ စစ်ကျွန်ပြုကျင့်နေခဲ့ကြပြီး၊ ကျွန်ုပ်တို့၏ အမျိုး၊ဘာသာ၊သာသနာ ကွယ်ပျောက် သွားစေရန်အစဉ်တစိုက် ကြိုးပမ်းနေခဲ့ကြပေသည်။

မြန်မာစစ်နယ်ချဲ့ တို့သည်ကျွန်ုပ်တို့မွန်လူမျိုးအပါအဝင်လူမျိုးအသီးသီးအားမည်သို့ သော အခြေအနေတွင်မဆိုတန်းတူရည်တူဆက်ဆံခဲ့ခြင်းမရှိဘဲ၄င်းတို့လက်အောက်ခံကျွန်ဘဝ တွင်သာထားခဲ့သဖြင့် ကျွန်ုပ်တို့အနေဖြင့် မြန်မာစစ်နယ်ချဲ့ ဝါဒီများ၏မည်သည့်လုပ်ရပ်မဆို ဆန့်ကျင်သွားရမည်ဖြစ်ပေသည်။

မွန်လူမျိုးတို့၏အမျိုးသားရေးတာဝန်သိစိတ်နှင့်မွန်မျိုးချစ်စိတ်အစဉ်ရှင်သန်နေစေရန်ခေတ်အဆက်ဆက်မွန်မျိုးချစ်တော်လှန်ရေးခေါင်းဆောင်များ၏ဘဝအသက်ပေါင်းများစွာရင်းနှီးပေးဆပ်ခဲ့ကြရပေသည်။ယနေ့အချိန်ကာလတွင်လည်းမွန်အမျိုးသားလွတ်မြောက်မှုတော်လှန်ရေး၏ ဦးဆောင် ပါတီဖြစ်သောမွန်ပြည်သစ်ပါတီနှင့် မွန်အမျိုးသားလွတ်မြောက်ရေးတပ်မတော်သည် မွန်ပြည်သူလူထုတရပ်လုံး စစ်ကျွန်ဘဝမှလွတ်မြောက်စေရန် ကိုယ်ကျိုးစွန့် ဦးဆောင်တိုက်ပွဲ ဝင်နေဆဲ ဖြစ်ပေသည်။

သို့ဖြစ်ပါ၍ ကျွန်ုပ်တို့မွန်အမျိုးသားအသီးသီးမှ မွန်တော်လှန်ရေးဦးဆောင်ပါတီ နှင့် တော်လှန်ရေးခေါင်းဆောင်များ၏ကျေးဇူးတရားအား အစဉ်လေးစားဦးညွှတ် နေကြရပေမည်။

မြန်မာနယ်ချဲ့ တို့သည်မည်ကဲ့သို့သောယုတ်မာအောက်တမ်းကျသောနည်းဗျူဟာများအသုံးပြု၍ကျွန်ုပ်တို့မွန်အမျိုးသားထုတရပ်လုံးအားဖိနှိပ်ထားသော်လည်းခိုင်မာသောမွန်သမိုင်းအမွေအနှစ်များ ၊ မွန်လူမျိုးတဦးချင်းစီ၏မျိုးချစ်စိတ်ဓါတ်နှင့်လွတ်လပ်သည့်ကျွန်ုပ်တို့မွန်နိုင်ငံတော်အားပြန်လည်ရယူလိုစိတ်များအားဖိနှိပ်ဖျက်ဆီးရန်မစွမ်းသာပေ။

မွန်သွေးသားမျိုးနွယ်မှန်သမျှမည်သည့်တိုင်းနိုင်ငံတွင်နေထိုင်၍ မည်သည့်ဘာသာစကား အားအသုံးပြုပြောဆိုနေပါစေ ၊ မွန် အမျိုးသားထုတရပ်လုံးမြန်မာ စစ်ကိုလိုနီလက်အောက်ကျွန်ဘဝမှရုန်းထွက်၍ အလုံးစုံလွတ်လပ်သောမွန်နိုင်ငံတော်အားအရယူကြမည်ဟူသည့်တူညီသောရင်တွင်းဆန္ဒမှန်များအားအတိအလင်းထုတ်ဖော်ကြရမည့်အချိန်အခါဖြစ်နေပေပြီ။  မွန်တမျိုးသားလုံး၏သွေးစည်းညီညွတ်မှုအားပြသရမည့်အချိန်အခါလည်းဖြစ်ပါသည်။

ကိုလိုနီစံနစ်၏ ဆိုးမွေများအား တွေ့ကြုံ ခံစားခဲ့ပြီးသော မြန်မာအပါအဝင်လူမျိုးအသီးသီးမှလည်းကျွန်ုပ်တို့ မွန်တမျိုးသားလုံးလက်ရှိ ဘဝနှင့်လွတ်လပ်လိုသောဆန္ဒသဘောထားများအားစာနာနားလည်မှုအပြည့် ပေးနိုင်လိမ့်မည်ဟုကျွန်ုပ်တို့မှယုံကြည်ပေသည်၊ ကျွန်ုပ်တို့ယုံကြည်မှုနှင့်အတူမြန်မာအပါအဝင်လူမျိုးအသီးသီးမှကျွန်ုပ်တို့နှင့်အတူလက်တွဲ၍မြန်မာစစ်ကိုလိုနီနယ်ချဲ့များအားတွန်းလှန်ရန်တိုက်တွန်းအပ်ပါသည်။

မြန်မာစစ်နယ်ချဲ့အောင်ဇေယျ၏လူမဆန်သောစစ်ကျွန်ပြုကျင့်မှုကြောင့်ထိုင်းဘုရင့်နိုင်ငံတော်သို့စစ်ပြေးဘဝဖြင့်ခိုလှုံခဲ့ကြသည့်ကျွန်ုပ်တို့မွန်ညီကိုမျိုးဆက်ထိုင်းနိုင်ငံသားများ၊ ကမ္ဘာ့နိုင်ငံအသီးသီးတွင်နိုင်ငံမဲ့ဘဝဖြင့်ခိုလှုံနေကြသော မွန်အမျိုးသားများ သည်တမြေထဲတွင် အေးအတူပူအမျှအတူတကွ ပြန်လည်နေထိုင်နိုင်ရန်အစဉ်တစိုက်ကြိုးစားနေကြပေသည်။ ထိုကဲ့သို့ကျွန်ုပ်တို့အားလုံးအတူတကွပြန်လည် နေထိုင်နိုင်ရန်တခုတည်းသောနည်းလမ်းမှာလွတ်လပ်သောမွန်နိုင်ငံတော်ပြန်လည်ပေါ်ပေါက်ရေးပင်ဖြစ်ပေသည်။

လွတ်လပ်လိုစိတ်ရှိသူတိုင်းလွတ်လပ်ရေးနှင့်အလှမ်းဝေးကွာနေမည်မဟုတ်ပါ၊ မြန်မာစစ်နယ်ချဲ့ ဂါဒအမြန်ကျဆုံးရေးနှင့် မွန်တမျိုးသားလုံးလွတ်လပ်ရေး သည်မွန်တမျိုးသားလုံး၏အမျိုးသားရေးတာဝန်ပင်ဖြစ်ပေရာ မွန်သွေးသား ဆက်နွယ်သူမှန်သမျှမွန်အမျိုးသားရေးတာဝန်အားကျရာအခန်းဂဏ္ဍမှပါဝင်တာဝန်ယူကြရမည်ဖြစ်ပါသည်။

အချုပ်အခြာအာဏာအပြည့်ဖြင့်ဖြစ်သော
လွတ်လပ်သည့်မွန်နိုင်ငံတော်အမြန်ဆုံးပေါ်ပေါက်စေရ မည်။

ဗဟိုကော်မီတီ
မွန်အမျိုးသားသွေးစည်းညီညွတ်ရေးအဖွဲ့ချုပ်